**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ အုပ်ချုပ်ရေးဆောင် (ရုံးအဆောက်အဦ) (၁၈၀'x၅၀') ၃ထပ် RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောက်လုပ်နိုင်ရန် အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ရုံးအမှတ်(၃၂)၊ နေပြည်တော် ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်း နှင့်စစ်ဆေးရေးဦးစီးဌာန နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါဖောင်(၁)စောင်လျှင် ကျပ်၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ဖြင့် ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၄.၁.၂၀၁၉ ရက်နေ့မှ ၈.၂.၂၀၁၉ ရက်နေ့ထိ (ရုံးချိန်အတွင်း) |
| ၄။ | တင်ဒါတင်သွင်းရမည့်နေရာ | - | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန၊ ရုံးအမှတ် (၃၂) ၊ နေပြည်တော် |
| ၅။ | တင်ဒါဖွင့်မည့်ရက်၊အချိန် | - | ၁၄.၂.၂၀၁၉ ရက်နေ့၊ ၁၃:၀၀ နာရီ |
| ၆။ | ဆက်သွယ်ရန်ဖုန်း | - | ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၂၆၅၊ ၀၁-၆၅၁၄၁၂ |

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**
ရုံးအမှတ်(၃၂)၊ နေပြည်တော်

## တင်ဒါ စည်းမျဉ်းစည်းကမ်းများ

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အုပ်ချုပ်ရေးဆောင် (ရုံးအဆောက်အဦ) (၁၈၀'x၅၀') ၃ထပ် RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းကို နေပြည်တော်တွင် ဆောက်လုပ်လိုပါ၍ သတ်မှတ်ထားရှိသည့်အတိုင်း အိတ်ဖွင့်ဈေးနှုန်း တင်သွင်းလွှာများ တင်သွင်း ရန် အကြောင်းကြားအပ်ပါသည်။

၂။ အဆိုပြုလွှာများ တင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများ အနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များအပေါ် သေချာစွာဖတ်ရှုပြီး သိရှိနားလည်၍ လိုက်နာ ဆောင်ရွက်နိုင်မှသာ အဆိုပြုလွှာများတင်သွင်းကြရန် ဖြစ်ပါသည်-

(က) **အဆိုပြုလွှာ ပုံစံ တင်သွင်းခြင်းနှင့် ဖွင့်ဖောက်ခြင်း**

(၁) ဌာနမှ သတ်မှတ်ထားသောပုံစံများတွင်သာ နှုန်းထားများအား စနစ်တကျ ရေးသွင်း ၍ အဆိုပြုတင်ပြရပါမည်။

(၂) အဆိုပြုဈေးနှုန်းများသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ တင်ဒါ တန်ဖိုးတွင် အဆောက်အဦတန်ဖိုးနှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅%ကို ထပ်ပေါင်းခြင်းနည်းလမ်း (သို့မဟုတ်) ကုန်သွယ် လုပ်ငန်းခွန် အပါအဝင် ဖြစ်သော ဈေးနှုန်းများ ဖြစ်ရမည်။

(၃) အဆိုပြု ဈေးနှုန်းတင်သွင်းရာတွင် မူလလုပ်ငန်းတန်ဖိုး(မြို့ပြ၊ အတွင်း ရေသန့်၊ အတွင်းလျှပ်စစ်၊ Apron & Drain ၊ မြေပြုပြင်ခြင်း၊ Soil Test ၊ Drawing ၊ QC Fee) ကို ထည့်သွင်း တွက်ချက်ပြီး ဖြစ်ရမည်။

(၄) တင်ဒါများကို စာအိတ်နှစ်အိတ်ဖြင့် တင်သွင်းရမည်ဖြစ်ပြီး၊ စာအိတ် 'A' တွင် ပါရှိသည့်အချက်အလက်များကို အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီမှစိစစ်ပြီးသည့်သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့်အောင်မြင်မှုရှိသော တင်ဒါ လျှောက်လွှာ တင်သွင်းသည့် ကုမ္ပဏီကိုသာ စာအိတ် 'B' ကို ဆက်လက်တင်သွင်း ခွင့်ပြုမည်။ ဈေးနှုန်း အဆိုပြုလွှာ စာအိတ် 'B' ကို တင်ဒါ ကော်မတီမှ ဈေးနှုန်း အဆိုပြုလွှာ တင်သွင်းရန် အကြောင်းကြားသည့်ရက် တွင် တစ်ပါတည်း တင်သွင်းရမည်-

(ကက) နည်းပညာအဆိုပြုလွှာ စာအိတ် ‘A’ နှင့်အတူ ကုမ္ပဏီ၏ Profile ၊ ဒေသအုပ်ချုပ်မှု အဖွဲ့အစည်း၏ ထောက်ခံချက်၊ ယခင်/ လက်ရှိ လုပ်ငန်း အတွေ့အကြုံများ၊ ကုမ္ပဏီ၏ငွေကြေး ခိုင်မာမှု၊ ယာဉ်စက်ယန္တရား အသုံးပြုမှု၊ ပြီးစီးမည့် အချိန်ကာလ စသည့် တောင်းခံထားသည့် အချက်အလက်များကို ပြည့်စုံစွာ ပူးတွဲတင်ပြရမည်ဖြစ်ပြီး အနိမ့်ဆုံးအဆင့် ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးမှ လက်မှတ်ရေးထိုး ရမည်။

(ခခ) စာအိတ် ‘A’ ပါ အချက်အလက်များ စိစစ်သည့် အခါတွင် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ၏လုပ်ငန်းအတွေ့အကြုံ၊ ကွင်းဆင်းစစ်ဆေးမှု၊ ကုမ္ပဏီဖွဲ့စည်းပုံ၊ ကုမ္ပဏီ၏ ငွေကြေးခိုင်မာမှု၊ အသိအမှတ်ပြုလက်မှတ်များ၊ လုပ်ငန်းကျွမ်းကျင်မှု၊ ယာဉ်စက်ယန္တရား၊ ကုမ္ပဏီမှ အင်ဂျင်နီယာများ၏ အရည်အချင်းနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာများ၏ အရည်အချင်းများအား စိစစ်ဆောင်ရွက်ပါမည်။

(ဂဂ) ဈေးနှုန်း အဆိုပြုလွှာ စာအိတ် ‘B’ တွင် တန်ဖိုးငွေ သင့်ထားသောအသေးစိတ် ခန့်မှန်းခြေစာရင်း (Bill of Quantity ၊ Builder–s Estimate ၊ Abstract of Cost ၊ Detail of Measurement) များပါဝင်ရမည်ဖြစ်ပြီးတွက်ချက်မှုအတွက်R.S.E(Construction) လက်မှတ်ထိုး ရပါမည်။

(၅) အိတ်ဖွင့်တင်ဒါတွင် တင်ပြသည့် အချက်အလက်များ မပြည့်စုံသည့် အပြင် ယုံကြည်လက်ခံနိုင်ဖွယ်မရှိသော အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို တင်ဒါကော်မတီ မှ ပယ်ချနိုင်ခွင့်ရှိသည်။

(၆) တင်ဒါစည်းကမ်းချက်ပါအတိုင်း သတ်မှတ်ချက်နှင့် မညီညွတ်သည့် အိတ်ဖွင့်တင်ဒါများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

(၇) အိတ်ဖွင့်တင်ဒါ အနိမ့်ဆုံးဈေးနှုန်းချင်းတူညီနေပါက ဈေးနှုန်းတူညီသည့် ကုမ္ပဏီများသာ ပြန်လည် ယှဉ်ပြိုင်ရပါမည်။

(၈) တင်ဒါကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အခြားစည်းမျဉ်းစည်းကမ်း များကိုလည်း အပြည့်အဝ လိုက်နာ ဆောင်ရွက်ရမည်။

(၉) တင်ဒါကော်မတီမှအိတ်ဖွင့်တင်ဒါကိုရက်ရွှေ့ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ပိုင်ခွင့်ရှိသည်။

(၁၀) အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံးဝတာဝန်ယူရမည်။ မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများ ရှိပါက တွက်ချက်တင်သွင်းသူ၌သာ တာဝန်ရှိပါသည်။

(၁၁) ဈေးပြိုင်အဆိုပြုလွှာပုံစံတွင် မူလစာကြောင်းများအကြား အပိုစာရေးသွင်းခြင်း၊ ပုံနှိပ်ခြင်း၊ ဖျက်ပြင်ခြင်းမရှိရ။ ရေးသွင်းခြင်းမှားယွင်း၍ လိုအပ်သော အမှား ပြင်ဆင်ခြင်းမှအပ အပိုစာသားများမပါရှိရ။ ပြင်ဆင်မှုပါရှိခဲ့လျှင် ဈေးပြိုင် တင်သွင်းသူ/ တာဝန်ရှိသူမှ လက်မှတ်တိုရေးထိုးပေးရမည်။

(၁၂) ဆက်သွယ်ဆောင်ရွက်နိုင်မည့် လိပ်စာ/ E-mail လိပ်စာ/ ဖုန်းနံပါတ်/ ဖက်(စ်) နံပါတ် အပြည့်အစုံတို့အားတင်ဒါပုံစံတွင် ဖော်ပြရမည်။

(၁၃) တင်ဒါကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်သွယ်ရန်ရှိပါကကုမ္ပဏီမှ တင်ပြထားသည့် လိပ်စာ/ ဖုန်းနံပါတ် အတိုင်း အချိန်မီဆက်သွယ် အကြောင်းကြားမည် ဖြစ်ပြီး ဆက်သွယ်မှု မသေချာသည့် လိပ်စာ/ ဖုန်းနံပါတ်တို့ကြောင့် ဆက်သွယ်နိုင်ခြင်း မရှိပါက ကုမ္ပဏီ၏ တာဝန်ဖြစ်ပါသည်။

(၁၄) နည်းပညာအဆိုပြုလွှာ စာအိတ် ‘A’ ဖွင့်ဖောက်စစ်ဆေးမည့် နေ့ရက်ကို သတင်းစာတွင် ကြော်ငြာထည့်သွင်းထားသည့် အချိန်အတိုင်း ကျင်းပ သွားမည်ဖြစ်ပြီး အများရှေ့မှောက်၌ပင် အဆိုပြုလွှာစာအိတ်များကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်း စေမည် ဖြစ်ပါသည်။

(၁၅) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ အဆိုပြုလွှာ ဖွင့်ဖောက်၍ စိစစ်သည့် အစည်းအဝေး ခန်းမသို့ ကုမ္ပဏီမှစေလွှတ်သော ကိုယ်စားလှယ်များကိုသာ ဝင်ခွင့်ပြုပါမည်။ (ကုမ္ပဏီမှ တရားဝင်တင်ပြစာ ပေးပို့ထားသည့် ကိုယ်စားလှယ်ဖြစ်ရမည့်အပြင် ၎င်းကိုယ်စားလှယ်မှ ဈေးနှုန်းယှဉ်ပြိုင်ခြင်း လုပ်ငန်းစဉ် ပြီးဆုံးသည်ထိ တက်ရောက် နိုင်ရပါမည်။)

(၁၆) ဈေးနှုန်း အဆိုပြုလွှာများ ဖွင့်ဖောက်စိစစ်ချိန်တွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီဝင် များအနေဖြင့် ဈေးနှုန်းအဆိုပြုလွှာပါ ရေးသွင်းချက်များအပေါ်မရှင်းလင်းသည့်အချက်များကိုသာ မေးမြန်းမည်ဖြစ်ပြီး နှုန်းထား ပြန်လည် ပြင်ဆင်ခြင်းကို လက်ခံမည် မဟုတ်ပါ။

(ခ) **ဈေးနှုန်းစိစစ်ဆောင်ရွက်ခြင်းကို** အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်မည် ဖြစ်ပါသည်-

(၁) လုပ်ငန်းအမျိုးအစားအလိုက် အဆိုပြုနှုန်းထားများကို Computer တွင် ဖြည့်သွင်း၍ Projector ဖြင့် ပြသပြီးနိမ့်မြင့်စဉ် ဇယားရေးဆွဲပါမည်။

(၂) နိမ့်မြင့်စဉ်ဇယားအရ အနည်းဆုံး အဆိုပြုနှုန်းထားသည် မူလတွက်ချက်ထားသည့် အခြေခံနှုန်းထား (ကြမ်းခင်းဈေးနှုန်း) နှင့် လျော်ညီမှုရှိ/မရှိ နှိုင်းယှဉ် စိစစ်ပါမည်။

(၃) လျော်ညီမှုရှိပါက အဆိုပါ အနည်းဆုံးအဆိုပြုနှုန်းထားကို ရွေးချယ်သည့်နှုန်းထားအဖြစ် မှတ်တမ်းတင်ပြီးလုပ်ငန်းအမျိုးအစားအလိုက် စံချိန် စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်၍ ရွေးချယ်သွားပါမည်။

(၄) ဌာန၏ မူလတွက်ချက်ထားသည့် အခြေခံနှုန်းထား (ကြမ်းခင်းဈေးနှုန်း) သတ်မှတ်ချက်မကိုက်သည့် အခြေအနေမျိုးဖြစ်ပေါ်လာပါက ရွေးချယ်ခြင်းမပြုတော့ဘဲ လုပ်ငန်းစဉ်အသစ်အဖြစ် တင်ဒါအသစ် ပြန်လည်ခေါ်ယူပါမည်။

(ဂ) **အိတ်ဖွင့်တင်ဒါ အာမခံကြေး ပေးသွင်းခြင်းနှင့် ပြန်လည် ထုတ်ယူခြင်း**

(၁) အိတ်ဖွင့်တင်ဒါ ပေးသွင်းသူများသည် ဈေးပြိုင်အာမခံစပေါ်ငွေ(Tender Deposit Guarantee) အဖြစ် ကျပ် ၇,၀၀၀,၀၀၀/- (ကျပ်ခုနစ်ဆယ်သိန်းတိတိ) ကို Payment Order Cheque(P.OCheque)ဖြင့် တင်သွင်း ရမည်ဖြစ်သည်။ ၎င်းP.O Cheque များကိုမြန်မာ့စီးပွားရေးဘဏ်ခွဲ-၄(ရန်ကုန်)၊ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂(မန္တလေး) တို့တွင်ဝယ်ယူ၍ဈေးနှုန်းတင်သွင်းနိုင်ပါသည်။

(၂) P.O Chequeကိုကုမ္ပဏီအမည်နှင့် ကုမ္ပဏီမှတာဝန်ရှိသူ/ တာဝန်ပေးခံရသူ၏ အမည်၊ မှတ်ပုံတင်အမှတ်ဖြင့်ပြုလုပ်ရမည်။ P.O Chequeမူရင်းများကို နည်းပညာအဆိုပြုလွှာ စာအိတ် 'A' နှင့်အတူ အတူတစ်ပါတည်း တင်သွင်းရမည်ဖြစ်ပြီး P.O Cheque မိတ္တူကို လုံးဝလက်ခံမည် မဟုတ်ပါ။

(၃) ဈေးနှုန်းမအောင်မြင်သောကုမ္ပဏီများမှ ပေးသွင်းထားသော ဈေးပြိုင်အာမခံစပေါ်ငွေများကို ထုတ်ယူရာတွင် P.O Cheque တင်သွင်းသူ ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်းနှင့် မိတ္တူ (၁)စောင် ပူးတွဲ တင်ပြ၍ ပြန်လည် ထုတ်ပေးရန် လျှောက်ထားရမည်။ သတ်မှတ်ချက်နှင့် မပြည့်စုံသည့် ငွေတောင်းခံလျှောက်လွှာ များကို လက်ခံထုတ်ပေးမည် မဟုတ်ပါ။

(၄) ဈေးပြိုင်အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ယူရန်အတွက် ဌာနမှ အကြောင်းကြားသည့်ရက်နေ့ နောက်တစ်နေ့မှ စတင်ပြီး(၇)ရက်အတွင်း အပြီး ထုတ်ယူရမည်။ထုတ်ယူနိုင်ခြင်းမရှိပါကနိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(၅) တင်ဒါအောင်မြင်သူသည် လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) ပေးသွင်းပြီးမှသာ စျေးပြိုင်အာမခံစပေါ်ငွေကို ပြန်လည် ထုတ်ပေးမည် ဖြစ်သည်။

(၆) အနည်းဆုံးနှုန်းထား အဆိုပြုသဖြင့် ပဏာမ ရွေးချယ်ခြင်းခံရသော ကုမ္ပဏီ/ အဖွဲ့အစည်း အနေဖြင့် တင်သွင်းလိုခြင်းမရှိတော့၍ နှုတ်ထွက်မည်ဆိုပါက ယှဉ်ပြိုင်သည့် အဖွဲ့ အစည်း အားလုံးစုံညီချိန် စျေးနှုန်းယှဉ်ပြိုင်မှု မပြီးဆုံးမီ အများရှေ့တွင် ကြေညာ၍ နှုတ်ထွက်နိုင်ပြီး ထိုသို့နှုတ်ထွက်ခြင်းအတွက် ဌာနသို့ အပ်နှံထားသည့်Tender Deposit Guarantee (P.O Cheque) သိမ်းယူခြင်းခံရပါမည်။

(ဃ) **လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) (၅%) ပေးသွင်းခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း**

(၁) တင်ဒါ အောင်မြင်သူသည် အောင်မြင်တင်ဒါတန်ဖိုး၏ ၅%ကို မြန်မာ့ စီးပွားရေးဘဏ်တွင် လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) ကို(၅)ရက်အတွင်း တင်သွင်းရမည်ဖြစ်ပြီး Completion Certificate ရရှိပြီး အနည်းဆုံး(၁)နှစ်နှင့် တစ်နှစ်ပြည့်ပြီး အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ စစ်ဆေးမှုခံယူပြီးမှသာ ပြန်လည်ထုတ်ပေးမည် ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ပါက ၎င်း Performance Guaranteeကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည် ဖြစ်ပါသည်။

(၂) ဌာနမှ သတ်မှတ်ထားသည့် Specification များနှင့် ကိုက်ညီ၍ အဓိက လိုလားချက်နှင့် ပြည့်စုံပြီး စျေးနှုန်းအနည်းဆုံးဖြင့် တင်သွင်းသော စာချုပ်ချုပ်နိုင်ရန် အရည်အချင်း ပြည့်စုံသည့် ကုမ္ပဏီကိုသာ လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုမည် ဖြစ်ပါသည်။

(၃) တင်ဒါအောင်မြင်သည့် ကုမ္ပဏီ/ အဖွဲ့အစည်းသည် တည်ဆဲဥပဒေ စည်းမျဉ်းများ နှင့်အညီလုပ်ငန်းအတွက် သတ်မှတ်ထားသောအခွန် (Withholding Tax) ကို နိုင်ငံတော်သို့ ပေးဆောင်ရမည်။ အခါအားလျော်စွာ ပြောင်းလဲမှုရှိပါက ပြောင်းလဲမှု အတိုင်းပေးသွင်းရမည်ဖြစ်ပါသည်။

(၄) စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှ (၁)ပတ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရမည်။ **၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်** နောက်ဆုံးထား၍ (၁၀၀%) ပြီးစီးအောင် ဆောင်ရွက်ရမည်။

(၅) စာချုပ်ချုပ်ဆိုရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသော စာချုပ်၊ တံဆိပ်ခေါင်းဖြင့် အခွန်ဥပဒေနှင့် အညီချုပ်ဆိုပြီး တံဆိပ် ခေါင်း ကျသင့်ငွေကိုကျခံရမည်။

(၆) Myanmar National Building Code ကိုလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဌာနမှ တာဝန်ပေးအပ်ထားသော Q.C အဖွဲ့ဖြင့် စစ်ဆေးမှုခံ ရမည် ဖြစ်ပြီး၊ အရည်အသွေးပြည့်မီမှု မရှိပါက (သို့) ဌာနမှ သတ်မှတ်ထားသော ပုံစံနှင့် မကိုက်ညီပဲ ကွဲလွဲပါက သတ်မှတ် စံချိန် စံညွှန်း အတိုင်း ပြန်လည် ပြုပြင် ဆောင်ရွက် ပေးရမည်။

(င) **ငွေပေးချေခြင်း**

(၁) အရည်အသွေးစစ်ဆေးရေးအဖွဲ့/ လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့ (Quality Control, Work Done) မှ စစ်ဆေးပြီး မှန်ကန်ကြောင်း ထောက်ခံချက် ရရှိပြီး လုပ်ငန်း၏ ၂၅%ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ ၂၅% ကိုပေးချေမည်။

(၂) လုပ်ငန်း ၅၀% ပြီးစီးပါက ဒုတိယအရစ်အနေဖြင့် လုပ်ငန်းတန်ဖိုး၏ ၂၅% ပေးချေမည်။

(၃) လုပ်ငန်း ၇၅% ပြီးစီးပါက တတိယအရစ်အနေဖြင့် လုပ်ငန်းတန်ဖိုး၏ ၂၅% ပေးချေမည်။

(၄) လုပ်ငန်း ၁၀၀% ပြီးစီးပါက လုပ်ငန်းများ အပ်နှံပြီးနောက် ကျန်လုပ်ငန်း တန်ဖိုး၏ ၂၅% နောက်ဆုံးအကြိမ်အဖြစ် ပေးချေမည်။

(၅) လုပ်ငန်းပြီးစီးပါက လုပ်ငန်းအပ်နှံသူကို စာရွက်စာတမ်းများနှင့် တရားဝင် အပ်နှံရမည်။

(စ) **ပျက်ကွက်မှုနှင့် ဒဏ်ကြေး**

(၁) သတ်မှတ်ရက်အတွင်း မပြီးပြတ်ပါက နှောင့်နှေး ကြန့်ကြာမှုအဖြစ် တစ်ရက် လျှင် ဆောင်ရွက်ရန်ကျန် လုပ်ငန်းတန်ဖိုး၏ (၀.၀၁%)ကို ဒဏ်ကြေးအဖြစ် ဖြတ်တောက်ခြင်း ခံရမည်။

(၂) နောက်ကျဒဏ်ကြေးအား ရက်ပေါင်း (၃၀) အထိသာ ဆောင်ခွင့်ပြုပြီး ထိုရက် ကျော်လွန်၍လုပ်ငန်းဆောင်ရွက်ပြီးစီးအပ်နှံနိုင်မှုမရှိခြင်း၊ လုပ်ငန်းဆောင်ရွက် ရန် ပျက်ကွက်ခြင်း၊ စာချုပ်ပါ စည်းကမ်းအတိုင်း တစ်သွေမတိမ်း လိုက်နာ ဆောင်ရွက်မှု မရှိခြင်းနှင့် စာချုပ် စည်းကမ်းများကို ဖောက်ဖျက်ခြင်း တွေ့ရှိ ပါ က တရားဥပဒေအရ အရေးယူခံရမည့်အပြင် လုပ်ငန်း ပြီးမြောက်မှုအာမခံ (Performance Guarantee)ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည် ဖြစ်သည်။

(၃) လုပ်ငန်းမပီပြင်ဘဲသတ်မှတ်ထားသောရက်အတွင်းမပြီးပြတ်နိုင်ဟုသက်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ အဖွဲ့တို့မှ သတ်မှတ်ဆုံးဖြတ်ပါက အခြားသင့်လျော်သော လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများကို အစားထိုး ဆောင်ရွက်ခြင်းကို လက်ခံနိုင်ရမည်။

(ဆ) **ပြုပြင်ဆောင်ရွက်ပေးခြင်း**

(၁) Performance Guarantee ထုတ်ပေးပြီးနောက် ကုမ္ပဏီသည် တည်ဆောက်သည့် လုပ်ငန်း၏ Completion Certificate ရရှိပြီးသော်လည်း တည်တံ့ခိုင်မြဲမှုကို သဘာဝ ဘေးအန္တရာယ်ကြောင့် ဖြစ်သော ပျက်စီးမှုများမှ အပ (၂)နှစ် တာဝန်ယူရမည်။

(၂) အာမခံကာလ (၂)နှစ် အတွင်း၊ ယိုးယွင်းပျက်စီးမှုများကို ကုမ္ပဏီမှ မိမိစရိတ်ဖြင့် တာဝန်ယူပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်။

(ဇ) နည်းပညာအဆိုပြုလွှာ စာအိတ် ‘A’ ကို ၁၄-၂-၂၀၁၉ ရက်နေ့၊ (၁၃:၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းရန် တက်ရောက်မည့်သူများသည် (၁၀)မိနစ် ကြိုတင်၍ ခန်းမအတွင်းသို့ ရောက်ရှိနေရာယူရန်နှင့် (၁၃:၀၀)နာရီ နောက်ပိုင်း နောက်ကျရောက်ရှိလာသော အဆိုပြုလွှာများအား လက်ခံ ဆောင်ရွက်မည် မဟုတ်ပါ။

(ဈ) နည်းပညာ အဆိုပြုလွှာ အောင်မြင်သည့် ကုမ္ပဏီများသည် ဈေးနှုန်းအဆိုပြုလွှာ တင်ဒါတင်သွင်းရန်ကို ၂၁-၂-၂၀၁၉ ရက်နေ့(ကြာသပတေးနေ့)၊ (၁၂:၀၀)နာရီအချိန်တွင် ကျင်းပ ပြုလုပ်မည် ဖြစ်ပြီး၊ တင်ဒါတင်သွင်းရန် တက်ရောက်မည့်သူများ သည် (၁၀)မိနစ် ကြိုတင်၍ ခန်းမအတွင်းသို့ ရောက်ရှိနေရာယူရန်နှင့် (၁၂:၀၀)နာရီ နောက်ပိုင်း နောက်ကျရောက်ရှိလာသော အဆိုပြုလွှာများအားလက်ခံဆောင်ရွက်မည် မဟုတ်ပါ။

(ည) နည်းပညာအချက်အလက်များ ကိုက်ညီပြီး ဈေးနှုန်းအနည်းဆုံး အဆိုပြုထားသည့် ကုမ္ပဏီများကို တင်ဒါကော်မတီမှ စိစစ်၍ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီသို့ အကြောင်းကြားသွားမည် ဖြစ်ပါသည်။

(ဋ) အထက်ဖော်ပြပါ အချက်အလက်များတွင် သီးခြားဖော်ပြမထားသော ကိစ္စရပ်များနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဇဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

## ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ အုပ်ချုပ်ရေးဆောင် (ရုံးအဆောက်အဦ) (၁၈၀'x၅၀')၃ထပ် RC(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ

၁။ မြို့ပြလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှပေးသော အကွက်ချပုံစံ (Master Plan)၊ ဗိသုကာပုံစံ၊ Architecture Design, Structure Design, Electrical Design နှင့် Sanitary Design များအတိုင်းအရည်အသွေးပြည့်မီအောင်/ သတ်မှတ်ချက်များနှင့် အညီ တည်ဆောက်ရမည်။

(ခ) အဆောက်အဦအားလုံး၏ တံခါးများအား အသားသေသည့် ကျွန်းရွက်ပြည့်တံခါးများဖြင့်ပြုလုပ်ပေးရန်။ ပြတင်းတံခါးအား အလူမီနီယံတံခါး ထိုင်းနိုင်ငံထုတ် 1.4 mm ဖြင့် ဖွင့်ပိတ်နိုင်အောင် စီစဉ် ဆောင်ရွက်ပေးရမည်။

(ဂ) အပြင်နံရံများကို 9"အထူ၊ အတွင်း နံရံများကို 4½"အထူပြုလုပ်ပေးရန်။

(ဃ) ကွန်ကရစ် 28 day Cube Strength = 25 MPA နှင့် အသုံးပြုမည့်သံချောင်းများ Yield Strength = 420 MPA ဖြစ်ရမည်။

(င) Construction Joint များကို စနစ်တကျ ပြုလုပ်ပေးရမည်။

(စ) Reinforcement Lappingများ၊ အရွယ်အစားများကို Drawing ပါအတိုင်း သေချာစွာ ပြုလုပ်ပေးရမည်။

(ဆ) မျက်နှာကြက်Gypsum Board Ceiling(8mm)(ထိုင်းနိုင်ငံထုတ်) အသုံးပြုရမည်။

(ဇ) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးထားသော Q.A/ Q.C စစ်ဆေးသည့် အဖွဲ့များ၏ စစ်ဆေးခြင်းကို လက်ခံနိုင်ရမည်။

(ဈ) Safety ကို ပထမဦးစားပေးပြုလုပ်ထားရမည်။ Safety နှင့် ပါတ်သက်သည့် လုပ်ငန်းရပ်များကို လုပ်ငန်းခွင်တွင် ဆောင်ရွက်သူအားလုံး လိုက်နာနိုင်စေရန် သတိပေးစာတမ်းများ ကပ်ထားရမည်။

(ည) မြေကြီးဖို့သည့်လုပ်ငန်းများတွင် Compactionကောင်းကောင်းရရန် ပြုလုပ်ပေးရမည်။

(ဋ) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသည့် အရည် အသွေးစစ်ဆေးရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူရမည်။ အဆိုပါ အဖွဲ့၏ လုပ်ငန်းပြီးစီးမှု စစ်ဆေးထောက်ခံချက် ရာခိုင်နှုန်း အရသာ ငွေပေးချေသွားမည်။

(ဌ) အတွင်းဆေး/ အပြင်ဆေးများမသုတ်မီ Patty ဖြင့် ညှိပြီး Orient paint (3) Coats ဆေးဖြင့် သုတ်ရမည်။

(ဍ) ကျွန်းတံခါး Ichum New Teak Polish ၊ တံခါးပြုတင်းရှိ သံပန်းများကို ဂျပန်ကွက်သံပန်း သံပြား 5 mm၊ သံလုံး 8 mm ဖြင့် ပြုလုပ်၍ LA 1001 ဆေး ၃ထပ် သုတ်ရမည်။

(ဎ) ပစ္စည်းအရည်အသွေး စံချိန်စံညွှန်းများအား ပူးတွဲ(၁)ပါအတိုင်း ဆောင်ရွက်ပေးရမည်။

**၂။ အဆောက်အဦအတွင်း လျှပ်စစ်လုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ရမည့်လုပ်ငန်းများ**

(က) လျှပ်စစ်ပစ္စည်းများကို တပ်ဆင်ရာတွင် Myanmar National Building Code ကို လိုက်နာရမည်။

(ခ) မိုးကြိုးလွှဲ ကို သတ်မှတ် စံချိန်စံညွှန်းနှင့် အညီ တပ်ဆင်ပေးရမည်။

(ဂ) ထရန်စဖော်မာမှ အဆောက်အဦအတွင်းသို့ Service Cable ကြိုး တပ်ဆင်ပေးရမည်။

(ဃ) အတွင်း/ အပြင် လျှပ်စစ်လုပ်ငန်းများအား Electrical Design အတိုင်း တပ်ဆင်ပေးရမည်။

**၃။ ရေ/သန့်လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ**

(က) Water Supply uPVC Pipe & Fittings (13.5) Bar. (mini-Standard), Sanitary-uPVC Pipe & Fitting (8.5)Bar. (mini-Standard) ကိုသာ သုံးစွဲပေးရမည်။

(ခ) Water Tank (Fiber Tank or Steel Tank) များ အမျိုးအစားကောင်းမွန်သည့် Classic Brand များသုံးစွဲပေးရမည်။ ( အနည်းဆုံး နှစ်-၂၀ အာမခံပါရမည်။)

(ဂ) စက်ပစ္စည်းများ (Pump and Motor) များ အမျိုးအစားကောင်းမွန်သည့် (India, Italy) Class Brand များ သုံးစွဲပေးရမည်။

(ဃ) ရေတင်ပိုက်၊ ရေဆင်းပိုက်၊ ရေလျှံပိုက်များ စနစ်တကျတပ်ဆင်ရမည်။

(င) လိုအပ်သည့်နေရာများတွင် ရေဘားများ တပ်ဆင်ပေးရမည်။ အလွယ်တကူ ဖွင့်/ ပိတ် နိုင်ရမည်။

(စ) မိုးရေဆင်းပိုက်လိုင်းများ ထိုင်းနိုင်ငံထုတ် Class (13.5) PVC ဖြင့် စနစ်တကျ တပ်ဆင်ပေးရမည်။

(ဆ) Ground Tank (12000 gals) တွင် လူဝင်ပေါက်၊ လေဝင်ပေါက်၊ ရေလျှံပိုက်များ ပါဝင်ရမည်။

(ဇ) Septic Tank & Soak Pit, Manhole များကို သတ်မှတ်ပုံစံအတိုင်း ဆောင်ရွက်ရမည်။

(ဈ) Sewer Line, Waste Line Slope များ မှန်ကန်ရမည်။

(ည) ပင်မရေပိုက်လိုင်းမှ အဆောက်အဦရှိ Ground Tank အဝင်သို့ ရေရရှိသည်အထိ ဆောင်ရွက်ရမည်။

(ဋ) အတွင်းရေသန့်လုပ်ငန်း အတွက်အမျိုးအစားကောင်းမွန်သော Water Closet များ၊ Basin များ ပိုက်နှင့် ပိုက်ဆက် ပစ္စည်းများ အသုံးပြုရမည်။

(ဌ) သန့်စင်ခန်းများကို Drawing ပါအတိုင်း ဆောင်ရွက်ရန်နှင့် ကြမ်းခင်းကြွေပြား (၂'×၂') (ထိုင်းနိုင်ငံထုတ်) နှင့် နံရံကြွေပြား (၂'×၁') )(ထိုင်းနိုင်ငံထုတ်) အား (၇') အမြင့်ထိ ကပ်ရမည်။

(ဍ) Ground Tank, Pump House, Septic Tank & Soak Pit, Manhole များတွင် သုံးစွဲမည့် ဘိလပ်မြေ၊ သံချောင်း၊ အုတ်၊ သဲ၊ ကျောက် အရည်အသွေး များသည် မြို့ပြ စံချိန်စံညွှန်းပါအတိုင်း သုံးစွဲပေးရမည်။

(ဎ) တွက်ချက်မှုများ (Detail of Measurement, Builder Estimate, Abstract of Cost, Bill of Quantity) ပြည့်စုံရမည်ဖြစ်ပြီး၊ တွက်ချက်မှုအတွက် R.S.E (Water Supply & Sanitaiton) လက်မှတ်ထိုးရပါမည်။

## ရုံးဆောက်လုပ်ရာတွင် သုံးစွဲရမည့် ပစ္စည်းအမျိုးအစားများနှင့် အရည်အသွေးစံချိန်စံညွှန်းစာရင်း

| စဉ် | အကြောင်းအရာ | အမျိုးအစား | မှတ်ချက် |
|---|---|---|---|
| ၁ | ဘိလပ်မြေ | ကြံ့ခိုင်တံဆိပ် | |
| ၂ | အုတ် | စက်အုတ် | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ စက်အုတ်ဖြစ်ရမည်။ |
| ၃ | သဲ | ချောင်းသဲ | နုံးပါဝင်မှုနည်း၍ အမှိုက်ကင်းစင်သော သဲ ဖြစ်ရမည်။ |
| ၄ | ကျောက် | ခွဲကျောက် (လိပ်သဲကျောက်) | Lean Concrete (Hill Gravel)<br>Footing, Column, Slab, Beam (Granite Chipping) |
| ၅ | သံချောင်း | နိုင်ငံခြားဖြစ်သံ(ဆိုဒ်ပြည့်) | fy-50000 P.S.I အနည်းဆုံးရှိရမည်။ |
| ၆ | ကွန်ကရစ် | – | Lean Concrete (f'c-1500P.S.I)<br>Footing, Column, Slab, Beam (f'c-2500P.S.I) |
| ၇ | ပြူတင်းပေါက် | Aluminium Powder Coated (4"×2" Frame & 1.4mm thk;) | ထိုင်းနိုင်ငံထုတ် |
| ၈ | တံခါး | ကျွန်း | |
| ၉ | ကျည်းပေါင် | (၅"× ၃") အပြည့် ပျဉ်းကတိုး | |
| ၁၀ | အမိုးပြားသွပ် | 4 Angle(0.42mm) | |
| ၁၁ | မျက်နှာကြက်ပြား | Gypsum Board 8 mm | ရေစိုခံ (ထိုင်းနိုင်ငံထုတ်) |
| ၁၂ | အမိုလုပ်ငန်းသုံး C-channel,U-beam, H-beam, I-beam, Angle Iron | နိုင်ငံခြားဖြစ် | |
| ၁၃ | ကေဘယ်ကြိုး(Cable) | Golden Lion | |
| ၁၄ | Tranking | Sogo | |
| ၁၅ | ပိုက် (ရေ/မီး) | Sogo(၁၃.၅mm) | |
| ၁၆ | ဆေး (ရေဆေး/ဆီဆေး) | Orient | |
| ၁၇ | ကြွေပြား | ထိုင်းနိုင်ငံထုတ် | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ရက်

**အိတ်ဖွင့်တင်ဒါတင်ရန်ပုံစံ**

သို့

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါတင်သွင်းခြင်း**

ကျွန်တော်/ကျွန်မ တို့၏ ……………..……………………………..……ကုမ္ပဏီသည် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ရှိ အုပ်ချုပ်ရေးဆောင်(ရုံးအဆောက်အဦ)(၁၈၀'x၅၀')၃ထပ်RC (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါစည်းကမ်းချက်များ၊ စံချိန်စံညွှန်းများ၊ တင်ဒါပုံစံများကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသဖြင့် ပူးတွဲပါ အချက်အလက်များပူးတွဲလျက် တင်ဒါ တင်သွင်း လျှောက်ထားအပ်ပါသည်-

၁။ ကုမ္ပဏီအမည် ----------------------------------------------------
၂။ ကုမ္ပဏီမှတ်ပုံတင်အမှတ် ----------------------------------------------------
၃။ လုပ်ငန်းရှင်အမည် ----------------------------------------------------
၄။ ပေးသွင်းတန်ဖိုး ----------------------------------------------------
(ဂဏန်းဖြင့်၊စာဖြင့်) ----------------------------------------------------
၅။ ဆက်သွယ်ရန်လိပ်စာ ----------------------------------------------------
----------------------------------------------------
၆။ Fax နံပါတ် ----------------------------------------------------

လက်မှတ် --------------------------------------
အမည် --------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------------
ရာထူး/ကုမ္ပဏီ --------------------------------------
လိပ်စာ --------------------------------------
ဖုန်းနံပါတ် --------------------------------------

## 3 STOREYED R.C.C BUILDING (180'-0"×50'-0")
## SUMMARY

| No | Particular | Material Cost | Labour Cost | Total |
|---|---|---|---|---|
| 1 | Civil Work | | | |
| 2 | Apron & Drain | | | |
| 3 | Electrical Work | | | |
| 4 | Water Supply | | | |
| 5 | 2"Ø Tube Well | | | |
| 6 | Ground Tank (12000 Gals) | | | |
| 7 | Septic Tank (2 Nos) | | | |
| | Total | | | |
| 8 | Commercial Tax (5%) | | | |
| 9 | QC Fee | | | |
| 10 | Soil Test Fee | | | |
| 11 | မြေပြုပြင်ခ | | | |
| | Grand Total | | | |
| | Grand Total (Say) | | | |
| | Total Sq-ft | | | |
| | PAE Rate | | | |

**ဈေးပြိုင်အာမခံစပေါ်ငွေပြန်လည်ထုတ်ပေးရန်**
**လျှောက်လွှာပုံစံ**

သို့

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ရက်

အကြောင်းအရာ။ **ဈေးပြိုင်အာမခံစပေါ်ငွေ (Tender Deposit Guarantee) ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားခြင်း**

၁။ လူကြီးမင်းဌာနမှ တင်ဒါခေါ်ယူသော ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ အုပ်ချုပ်ရေးဆောင် (ရုံးအဆောက်အဦ)(၁၈၀'x၅၀')၃ထပ်RC(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက်တင်ဒါဈေးနှုန်း ယှဉ်ပြိုင်ရာတွင် **လုပ်ငန်း မရရှိပါ၍/ လုပ်ငန်း ရရှိပါ၍** ပေးသွင်းထားသော ဈေးပြိုင် အာမခံ စပေါ်ငွေကျပ် /-(ကျပ်) P.O Chequeနံပါတ် ……………………………….. အားပြန်လည်ထုတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ဈေးပြိုင်အာမခံစပေါ်ငွေပေးသွင်းခဲ့သော ( ) နေ့စွဲပါ P.O Chequeအမှတ် ……………................. (မိတ္တူ)အားပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

| | |
|---|---|
| လက်မှတ် | --------------------------- |
| ပေးသွင်းသူအမည် | --------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | --------------------------- |
| ဖုန်းနံပါတ် | --------------------------- |
| နေရပ်လိပ်စာ | --------------------------- |
| | --------------------------- |